# (၈)လေးလုံး ဒီမိုကရေစီအရေးတော်ပုံ(၂၁) နှစ်မြောက် နှစ်ပတ်လည်နေ့ ထုတ်ပြန်ကြေညာချက်

၂၀၀၉ ခုနှစ် ဩဂုတ်လ(၈)ရက်။

ယနေ့သည် မြန်မာနိုင်ငံ၏သမိုင်းဝင်(၈)လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ (၂၁) နှစ်မြောက်သော နေ့တစ်နေ့ဖြစ်ပေသည်။ တစ်ပါတီအာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများရရှိရေးအတွက် ရဟန်းရှင်လူကျောင်းသားပြည်သူတို့၏ အသက်၊သွေးချွေး တို့ကိုရင်းနှီးပေးဆပ်စွန့်လွှတ်ကာ ငြိမ်းချမ်းစွာတိုက်ပွဲဝင်ခဲ့သော နေ့တစ်နေ့ဖြစ်ပေသည်။ သို့ရာတွင်စစ်အာဏာရှင်တို့သည် လက်နက်အားကိုးဖြင့် အရေးတော်ပုံကြီးအား အတင်းအဓမ္မအကြမ်းဖက် နှိမ်နင်းကာ စစ်အာဏာရှင်စနစ်ကို တစ်ကျော့ပြန်ထူထောင်လာခဲ့ကြပေသည်။

သမိုင်းအစဉ်အလာကြီးမားခဲ့သော (၈)လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင်နိုင်ငံရေး ပါတီများ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်နှင့် အနိုင်ရပါတီများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့်  ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စသည့်ရလဒ်များသည် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး၏ အကျိုးကျေးဇူးများဖြစ်ပေသည်။ သို့သော်စစ်အာဏာရှင်တို့ သည် ၁၉၉၀ရွေးကောက်ပွဲရလဒ်ကို လုံးဝဖျက်သိမ်းပစ်ရန် ကြိုးပမ်းနေသည့်အပြင်(၂၁)နှစ်ကာလအတွင်း (၈)လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီး၏ တန်ဖိုးများကိုလည်း နည်းမျိုးစုံဖြင့် သေးသိမ်အောင် ပုံဖျက်နေပေသည်။ ယင်းကာလများတွင် စစ်အာဏာရှင်တို့၏ အဆိုးရွားဆုံးသော ရက်စက်ယုတ်မာ အောက်တန်းကျမှုများမှာ ၂၀၀၇ခုနှစ် စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးတွင် ရဟန်းသံဃာများကို ဖမ်းဆီးထောင်ချ သတ်ပစ်မှုများနှင့်၊ ၂၀၀၈ခုနှစ်  မေလနာဂစ်မုန်တိုင်းတွင် သိန်းပေါင်းများစွာသော ပြည်သူလူထုတို့ သေကြေပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ ဖြစ်သည်။

မိမိတို့၏ ဆန္ဒသဘောထားနှင့် ကိုယ်စားပြုမှုလုံးဝမပါသော ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ကိုလည်းကောင်း၊ ယင်းဥပဒေကို အသက်သွင်း ပေးမည့် ၂၀၁၀ရွေးကောက်ပွဲကိုလည်းကောင်း ပြတ်ပြတ်သားသား ဆန့်ကျင်သွားကြရမည်။ တရားဥပဒေစိုးမိုးမှုကင်းမဲ့သော စစ်အာဏာရှင်တို့၏ တရားစီရင်ရေး စနစ်ဆိုးအောက်မှာပင် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် တိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးလုပ်ရှားသူများကို မတရားဖမ်းဆီး နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခဲ့သည်။ ပြည်သူလူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အတင်းအဓမ္မ ထောင်ချရန်ကြိုးပမ်းနေသည်။

စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု နှင့်ရက်စက်ယုတ်မာမှုများကြောင့် အမေရိကန်ပြည်ထောင်စုက စီးပွားရေးနှင့်နိုင်ငံရေးအရ ဒဏ်ခတ်ပိတ်ဆို့ အရေးယူခဲ့သော"Burmese Freedom and Democracy Act of 2003 " ကို သက်းတမ်း(၃)နှစ် ထပ်မံတိုးမြှင့်ခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံရေးပြဿနာများ ပြေလည်စေရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်မှာ လုံးဝအောင်မြင်မှု မရှိခဲ့သည့်အပြင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံအပေါ် ထိရောက်သော အရေးယူမှုဆုံးဖြတ်ချက်များကို ချမှတ်နိုင်ခြင်း မရှိခဲ့ပေ။

သို့ပါ၍ ကုလသမဂ္ဂနှင့်နိုင်ငံတကာအဝန်းအဝိုင်းတို့မှ စစ်မှန်သောဒီမိုကရေစီဖြစ်ထွန်းမှုကို မြန်မာပြည်သူလူထုများ ရရှိခံစားနိုင်ရေး အတွက် ကြိုးစားဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့်-

(၁) စစ်အာဏာရှင်တို့၏ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံတကာဥပဒေနှင့် ပြည်တွင်းဥပဒေချိုးဖောက်မှုများ အပါအဝင် ဥပဒေမဲ့ရက်စက် ယုတ်မာမှုများကို ပြင်းထန်စွာအရေးယူနိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထိရောက်သောဆုံးဖြတ်ချက် (Binding Resolutions)များကို ချမှတ်ပေးရန်နှင့် စစ်လက်နက်ပစ္စည်းရောင်းဝယ်ခြင်း အပါအဝင်ကုန်သွယ်ရေးအရ တားဆီးပိတ်ဆို့ဒဏ်ခတ်အရေးယူမှုတို့ကို အမြန်ဆုံးပြင်းထန်စွာ ချမှတ်ဆောင်ရွက် ပေးရန်။

(၂) အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း မိမိတို့၏ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူလူထု၏ ကိုယ်စားလှယ်အဖွဲ့ဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးလုပ်ရှားသူများကို အပြည့်အဝကာကွယ် အကူအညီပေးရန်နှင့် ထိရောက်သော စီးပွားရေးပိတ်ဆို့မှုများအပါအဝင် စစ်အာဏာရှင်တို့၏ ငွေကြေးစီးဆင်းမှုတို့ကိုလည်း စနစ်တကျဟန့်တား ပိတ်ဆို့ပေးရန်။

(၃) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိမ်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေရသော ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအကျဉ်းသား အားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ အမြန်ဆုံးပြန်လွှတ်ပေးရန်တို့ကို မိမိတို့ဒီမိုကရေစီအင်အားစုများမှ ပြင်းထန်စွာတောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ရရှိနိုင်မည့် နိုင်ငံရေးလုပ်ရှားမှုများကို စည်းလုံးညီညွတ်သော အင်အားများနှင့်အတူ တိုးမြှင့်ဆောင်ရွက်လုပ်ရှားခြင်းဖြင့် (၈)လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီး၏ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက် သွားကြမည်ဟု မိမိတို့ဒီမိုကရေစီ အင်အားစုများက အခိုင်အမာ သံဓိဋ္ဌာန်ပြုပါသည်။

**မြန်မာ့ဒီမိုကရေစီအင်အားစုများ**
**ဆန်ဖရန်စစ္စကို ဘေးဧရိယာ၊**
**အမေရိကန်ပြည်ထောင်စု။**